**Highlights from DVB Debate's *Extra Curricular Education* show**
**"What's missing from Burma's education system?"**
30/08/2014

---

"သင်ရိုးညွှန်းတမ်းတခုက နှစ်ကြာလာရင် အချဉ်ပေါက်လာတယ်၊ အခုလက်ရှိ သင်ရိုးညွှန်းတမ်းဟာလဲ အချဉ်ပေါက်နေပြီ ခေတ်မမီတော့ဘူး ပြင်ဖို့လိုနေပြီ။ အခုသွားနေတဲ့စနစ်ကြီးက. ဆရာ၊ဆရာမတွေက ဒီမေးခွန်းမေးရင် ဒါဖြေဆိုတော့ ကလေးတွေက ဒါပဲကျက်ဖြေနေတယ်။"

ဒေါက်တာမြင့်သိန်း - နိုင်ငံတကာသင်ရိုးညွှန်းတမ်းပညာရှင်

"As long as the curriculum remains unchanged for many years, it will become fermented. Our current curriculum has fermented and is out of date. It needs to be modified. The current system just teaches the students through parrot learning."

(Dr Myint Thein – International Consultant for Curriculum

---

"ကျောင်းမှာသင်ရတဲ့ သင်ခန်းစာတွေနဲ့ဆက်စပ်တဲ့ ဘဝအတွေ့အကြုံတွေအကြောင်း ကျောင်းသားတွေက ထုတ်ဖော်ပြောဆိုခွင့်ရှိဖို့လိုတယ်။ အခုက ဆရာတွေက သူတို့မှတ်စုနဲ့ '၏၊သည်' လွဲသွားရင် အမှတ်မပေးတော့ ထုတ်ဖော်ပြောဆိုဖို့တို့၊ မိမိဘာသာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိဖို့ဆိုတာတွေက ဝေးရော။"

ဒေါက်တာ သိန်းလွင်(ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်)

"Students need to have the chance to share their life experiences in relation to the lessons they are taught in the classroom. Now, the teachers don't give any marks to student's answers if they are different from their notes , so students' cannot develop critical thinking skills."

(Dr Thein Lwin – Member, National Network for Education Reform)

---

"သင်ရိုးတွေကို ပညာရေးဝန်ကြီးဌာနက..အကုန်လုံး သူတို့ဆွဲမယ်၊ သူတို့ဆွဲတာပဲ သင်၊ ဒီစာမေးပွဲစနစ်ပဲလုပ် ဆိုပြီး ဒီနည်းဒီစနစ်သွားရေး သတ်မှတ်တော့ ကျမတို့ ဆရာ၊ဆရာမတွေနဲ့ ကျောင်းသားတွေရဲ့ လွတ်လပ်စွာ သင်ကြားခွင့်၊ လှုပ်ရှားခွင့်နဲ့ အရည်အသွေးတို့ကို ဘယ်လောက်မြင့်တက်လာစေမှာလဲ ဒါမေးခွန်းထုတ်စရာရှိတယ်။"

ဒေါ်ထွေးထွေးသန်း(လုမ္ဗနီအကယ်ဒမီပုဂ္ဂလိကကျောင်း)

"The Ministry of Education designed the curriculum, and then they urge people to teach exactly what they design. They want people to only follow their system, so it blocks the creative rights and freedom of learning for the teachers and students. So, how can we develop our quality of education?"

(Htwe Htwe Than – Teacher, Lumbini Academy Private School)

---

"သင်ရိုးမှာ ဗမာစကားနဲ့ပဲသင်ရတော့ တိုင်းရင်းသားဒေသက ကျောင်းသားတွေမှာ အခက်အခဲရှိတယ်။ မူလတန်းအဆင့်မှာဆိုရင် တိုင်းရင်းသားကျောင်းသူကျောင်းသား ၅ ယောက်မှာ ၁ ယောက်လောက်ပဲ ကျောင်းပြီးတော့တယ်။ သင်ရိုးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားတွေအတွက်လည်း ထည့်သွင်းစဉ်းစားရမယ်။ သမိုင်းသင်ရိုးထဲမှာ မင်းကြီး အနော်ရထာအကြောင်းချည်းပဲ သင်ပေးနေလို့မရဘူး။"

# Highlights from DVB Debate's *Extra Curricular Education* show
# "What's missing from Burma's education system?"

30/08/2014

ဦးစိုးထွန်း(ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက်)

"In our curriculum, we use Burmese as our medium of instruction, so that creates problems for ethnic students. This is why at primary level only one in five students complete their schooling.
We need to think about ethnic unity and show concern for ethnic minorities' affairs. We shouldn't just teach about Emperor Anawrahthar in our history curriculum."

(Soe Tun – National Network for Education Reform)

---

"ပညာရေးနိမ့်ကျနေတာမှာ ဆရာ၊ဆရာမ ကျွမ်းကျင်သူရှားပါးမှုလဲ အဓိက အချက်ပါနေတယ်။ မူလတန်း၊ အလယ်တန်းနဲ့အထက်တန်း ပညာရေးစနစ်မတူသလို သင်ကြားရတဲ့ နည်းစနစ်တွေလဲ မတူဘူး။ မူလတန်းမှာ သင်ကြားမှုပိုင်နိုင်တဲ့ ဆရာ၊ဆရာမတွေက ရာထူးတိုးပြီး အလယ်တန်း၊ အထက်တန်းအဆင့်တွေရောက်ကုန်တော့ မူလတန်းပညာရေး အခက်အခဲရှိလာပြန်ရော။"

ဒေါ်ယုယုလှိုင်(မန်နေးဂျင်းဒါရိုက်တာ -Nay Lin Aung Finance & Accountancy Academy)

"The current bad education system is really affected by the lack of skilled teachers. This is one of the main factors. Since the systems are different in primary, secondary and high school, their methodologies are not the same.  And yet once a teacher becomes successful in primary school teaching, they are promoted to teaching secondary school. That's why the primary school system faces problems because of a lack of qualified teachers."

Yu Yu Naing – Managing Director, Nay Lin Aung Finance & Accountancy Academy

---

ဒီနေရာမှာပြောချင်တာကတော့ မျိုးဆက်ပွားကျမ်းမာရေးအသိပညာပေးခြင်းနဲ့ လိင်ပညာပေးအစီအစဉ်တွေ ဖြစ်ပါတယ်။ ဒီဟာတွေက အင်မတန်မှာ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ကျနော်တို့အဖွဲ့က ဒါတွေကို ကျောင်းသင်္ခန်းစာတွေမှာ ထည့်သွင်းဖို့တိုက်တွန်းနေတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပညာပေးရေးအစီအစဉ်တွေကို ကျောင်းသင်္ခန်းစာမှာ ထည့်ခြင်းပဲဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ပါတ်သတ်လို့ကတော့ ကျနော်တို့ သဘောကျသည်ဖြစ်စေ သဘောမကျသည်ဖြစ်စေ ဒါတွေက လက်ရှိဖြစ်ပျက်နေတဲ့ အမှန်တရားတွေပဲ ဖြစ်ပါတယ်။ လက်ရှိ ကျောင်းသင်္ခန်းစာတွေထဲမှာ မူးယစ်ဆေးဝါးအမျိုးအစားတွေ သူတို့ရဲ့အကျိုး သက်ရောက် မှုတွေ ဒါတွေနဲ့ပါတ်သတ်ပြီး တစ်ခုမှမပါပါဘူး။  ဘယ်လိုနည်းလမ်းတွေနဲ့ မူးယစ်ဆေးစွဲမှုကို တားဆီးလျှော့ချ မလဲ။ ဒါတွေ ကျနော်တို့ ထည့်သွင်းသင်ကြားဖို့ အရေးကြီးပါတယ်။ လက်ရှိဒီအမှန်တရားတွေကို ငြင်းနေ မယ်ဆိုရင်တော့ ကျမ်းမာရေးပြဿနာတွေကို တကယ်ထိရောက်အောင်ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။

Renaud Cachia (ပရိုဂရမ်ညှိနှိုင်းရေးမှူး - Medecins du Monde)

We also believe that health and reproductive health education should be part of the curriculum and there is a way to do this in a culturally sensitive way.  There are realities here we would not like to take into account but not looking at them doesn't make those realities disappear.  Same goes for drugs.  Drugs are a reality, like it or not. Today there is no education about what drugs are, what their effects are or what addiction is. Denying reality will not help these issues."
(Renaud Cachia – Program Coordinator, Medecins du Monde)